# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 7 , 2023 Volume 65, Number 5

၇.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၃၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကုန်စည်ပြပွဲများသို့ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ပါဝင်ပြသနိုင်ရေးဆွေးနွေး



https://www.myawady.net.mm/node/39218

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ (ဧပြီ ၆) မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ပြပွဲများသို့ နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ပါဝင်ပြသနိုင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်ဖက်ချုပ်ဆိုထားသည့် သဘောတူစာချုပ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးအပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**Source:** https://www.myawady.net.mm/node/39218

## တရုတ်နှင့် သဘောတူထားသည့် ကံပိုင်တည်စီမံကိန်းအတွက် MoA ရေးထိုးရန် ပြင်ဆင်




သတင်း - BETV Business

တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်၊ ကချင်အထူးဒေသ(၁)မှာ တည်ရှိတဲ့ ကံပိုင်တည် စီးပွားရေးနယ်မြေစီမံကိန်း (ကံပိုင်တည်-ထိန်ချုံး နယ်စပ်စီးပွားရေးပူးပေါင်းမှုဇုန်) အတွက် စီမံကိန်းဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement – MoA) ရေးထိုးဖို့ ပြင်ဆင်နေပါတယ်။

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တနင်္လာနေ့က ကချင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ စီမံကိန်းလုပ်ခွင့်ရ မြန်မာဟိန်ရကုမ္ပဏီ တာဝန်ရှိသူတို့ တွေ့ဆုံခဲ့ပြီး စီမံကိန်းဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (MoA) စာချုပ်မူကြမ်းပါ အချက်တွေအပေါ် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။ MoA စာချုပ်ကို ဥပဒေနဲ့အညီ လက်မှတ်ရေးထိုးနိုင်ရေးအတွက် စနစ်တကျ စေ့စပ်သေချာစွာ စိစစ်ဆွေးနွေးနိုင်မှ နောင်ကာလမှာ နှစ်နိုင်ငံကုန်စည်စီးဆင်းမှုက ပိုမိုလွယ်ကူမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်မှာလို့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောပါတယ်။

ကံပိုင်တည်စီးပွားရေးနယ်မြေ (KBP) စီမံကိန်းက တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ရဲ့ ဦးစားပေးစီမံကိန်းတွေထဲက တစ်ခုဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၁ မေလကုန်မှာ KBP အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) က ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။

KBP ကို ဝိုင်းမော်မြို့နယ် ကံပိုင်တည်ရှိ မြေ ၇၆ ဧကပေါ်မှာ တရုတ်ကုမ္ပဏီ ယူနန်ထိန်ရင်းကုန်သွယ်ရေးက ၇၀ ရာခိုင်နှုန်း ပိုင်ဆိုင်တဲ့ မြန်မာဟိန်ရ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးကုမ္ပဏီက ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မှာဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၂ သန်းကျော် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။

စီမံကိန်းအတွင်း ကံပိုင်တည် နယ်စပ်စစ်ဆေးရေးဂိတ် (စုပေါင်းရုံး) အသစ်၊ ဝန်ထမ်းအိမ်ရာများ၊ စီးပွားရေးဆိုင်ရာ ရုံးခန်းနဲ့ ဆိုင်ခန်းများ၊ ယာဉ်ရပ်နားကွင်းများအပြင် အဆင့်မြင့် ဟိုတယ်များ၊ ဂိုဒေါင်များ၊ တည်းခိုခန်းများ ပါဝင်တယ်လို့ သိရှိရပါတယ်။

**Source: BETV Business**

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်မှ ၃၁ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၈၇၄၃၉၄၃.၄၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၂၇၉၈၀၀.၃၂ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ နှမ်းနက်၊ ဖရဲသီး၊ မြေပဲ၊ ပဲတီစိမ်း၊ မန်ကျည်းမှည့်(အစေ့ပါ)၊ ထောပတ်ပဲ၊ ပဲကြီး၊ ရွှေဖရုံသီးနှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၄၀၁၇၅၅.၄၉ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၃၄၂၁၈၈.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတုဗေဒချည်ခင်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှု ရှိခဲ့ပါသည်။ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၀၀၆၀.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၈၃၉၇၄၀.၃၂ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၈ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၄.၈၇ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန

## (ရန်ကုန် ရွှေပြည်တော်) ငါးဈေးမှ ရေထွက်ကုန်အချို့ဈေးတက်

ယနေ့ (၆.၄.၂၀၂၃)မှာ ငါးမြစ်ချင်း၊ ငါးသလောက်၊ ကကတစ်၊ ငါးဖီးမ၊ ငါးတန်၊ ပုစွန် (ကျော့)၊ ပလာတူး နဲ့ ရွှေငါးစတဲ့ အမျိုးအစားတွေဟာ (၅.၄.၂၀၂၃) နဲ့ ယှဉ်ရင် ဈေးတွေတက်လာခဲ့ပါတယ်။ ဘယ်လောက်ထိ ဈေးအပြောင်းအလဲတွေ ဖြစ်သွားလဲဆိုတာတော့ အောက်ပါဇယားကနေ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ် -

| စဉ် | အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ၅.၄.၂၀၂၃ (ကျပ်) | ၆.၄.၂၀၂၃ (ကျပ်) |
|---|---|---|---|---|---|
| ၁ | ငါးမြစ်ချင်း | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၅၀၀၀ မှ ၁၁၀၀၀ | ၅၀၀၀ မှ ၁၁၀၀၀ |
| ၂ | ငါးကြင်း | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၆၀၀၀ မှ ၁၁၀၀၀ | ၆၀၀၀ မှ ၁၁၀၀၀ |
| ၃ | ငါးသလောက် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၁၅၀၀၀ မှ ၃၂၀၀၀ | ၁၇၀၀၀ မှ ၃၅၀၀၀ |
| ၄ | ငါးခေါင်းပွ | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၅၀၀၀ မှ ၁၁၀၀၀ | ၅၀၀၀ မှ ၁၁၀၀၀ |
| ၅ | ငါးဘတ် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၉၀၀၀ မှ ၁၁၀၀၀ | ၉၀၀၀ မှ ၁၁၀၀၀ |
| ၆ | ကကတစ် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၁၁၀၀၀ မှ ၁၈၀၀၀ | ၁၁၀၀၀ မှ ၂၀၀၀၀ |
| ၇ | ငါးနုသန်း | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၁၀၀၀၀ မှ ၁၅၀၀၀ | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၈ | ငါးခူ | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၇၀၀၀ မှ ၁၅၀၀၀ | ၇၀၀၀ မှ ၁၅၀၀၀ |
| ၉ | ငါးဒီးမ | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၄၀၀၀ မှ ၇၅၀၀ | ၄၀၀၀ မှ ၈၀၀၀ |
| ၁၀ | ငါးတန် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၃၉၀၀ မှ ၄၅၀၀ | ၄၀၀၀ မှ ၅၀၀၀ |
| ၁၁ | ငါးရံ့ | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၅၀၀၀ မှ ၁၄၀၀၀ | ၅၀၀၀ မှ ၁၄၀၀၀ |
| ၁၂ | ပုစွန်(ကျော) | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၁၀၀၀၀ မှ ၅၀၀၀၀ | ၁၂၀၀၀ မှ ၅၅၀၀၀ |
| ၁၃ | ငါးမျက်ကျယ် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၄၀၀၀ မှ ၅၀၀၀ | ၄၀၀၀ မှ ၅၀၀၀ |
| ၁၄ | ကင်းမွန် | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၁၇၀၀၀ မှ ၃၀၀၀၀ | ၁၇၀၀၀ မှ ၃၀၀၀၀ |
| ၁၅ | ပလာတူး | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၅၈၀၀ | ၆၂၀၀ |
| ၁၆ | ရွှေငါး | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၃၂၀၀ | ၄၀၀၀ |
| ၁၇ | ပြည်ကြီးငါး | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၂၅၀၀၀ မှ ၃၅၀၀၀ | ၂၅၀၀၀ မှ ၃၅၀၀၀ |
| ၁၈ | ငါးနီမ | ရွှေပီတောက်ငါးဈေး | ၁ ပိဿာ | ၂၃၀၀ မှ ၅၀၀၀ | ၂၃၀၀ မှ ၅၀၀၀ |

https://greenwaymyanmar.com

Green Way app ရှိ 'နေ့စဉ်ဈေးနှုန်းများ' ကဏ္ဍထဲတွင် ယခင်ဖော်ပြနေသည့် သီးနှံဈေးနှုန်းများအပြင် တနင်္သာရီတိုင်းဈေးကွက်မှ ဝဥ၊ ရော်ဘာ၊ ကွမ်းသီးဈေးနှုန်းများလည်း ရရှိဖော်ပြနေပြီ ဖြစ်ပါသည်။

လက်ရှိတွင် ရေထွက်ပစ္စည်းဈေးနှုန်းများပါ ရရှိနိုင်ပြီဖြစ်သော်လည်း သီးခြားအနေဖြင့်သာ ဖော်ပြနိုင်သေးပြီး 'နေ့စဉ်ဈေးနှုန်းများ' ကဏ္ဍထဲတွင် ထည့်သွင်းဖော်ပြနိုင်ရန်လည်း လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**Source:** https://greenwaymyanmar.com/posts/fish_market_price_in_april_six

## OPEC+ က တစ်ရက်လျှင် ရေနံစည် ၁.၁၆ သန်းလျှော့ချထုတ်လုပ်သွားမည်ဖြစ်ရာ ရေနံတစ်စည်လျှင် ၁၀ ဒေါ်လာနှုန်း မြင့်တက်နိုင်ဖွယ်ရှိ

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့နှင့် အခြားရေနံထုတ်လုပ်သည့်နိုင်ငံများ(OPEC+)အနေဖြင့် တစ်ရက်လျှင် ရေနံစည် ၁.၁၆ သန်း လျှော့ချထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဧပြီလ ၁ ရက်နေ့က ကြေညာခဲ့ပါသည်။

ထိုသို့လျှော့ချမှုကို ယခုနှစ်မေလမှစတင်၍ နှစ်ကုန်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဆော်ဒီအာရေဗျအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၅၀၀,၀၀၀၊ အီရတ်အနေဖြင့် တစ်ရက်လျှင် ရေနံစည် ၂၁၁,၀၀၀၊ အာရပ်စော်ဘွားများပြည်ထောင်စုအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၁၄၄,၀၀၀၊ ကူဝိတ်အနေဖြင့် တစ်ရက်လျှင် ရေနံစည် ၁၂၈,၀၀၀ နှင့်အိုမန်နိုင်ငံအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၄၀,၀၀၀၊ အယ်လ်ဂျီးရီးယားနိုင်ငံအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၄၈,၀၀၀၊ ကာဇက်စတန်နိုင်ငံအနေဖြင့် ရေနံစည် ၇၈,၀၀၀၊ ရုရှားနိုင်ငံအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၅၀၀,၀၀၀၊ ဂါဘွန်အနေဖြင့် တစ်ရက်လျှင် ရေနံစည် ၈,၀၀၀ ထုတ်လုပ်မှုလျှော့ချသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရေနံစည်ထုတ်လုပ်မှုကို ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့နှင့် အခြားရေနံထုတ်လုပ်သည့်နိုင်ငံများက ထုတ်လုပ်မှုလျှော့ချခဲ့မှုမှာ စုစုပေါင်း ရေနံစည် ၃.၆၆ သန်းဖြစ်ပြီး အဆိုပါပမာဏမှာ ကမ္ဘာ့ဝယ်လိုအား၏ ၃.၇ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

မတ်လတွင် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၇၀ ဒေါ်လာနှုန်းအောက်သို့ ရောက်ရှိခဲ့ပြီး ၁၅ လအတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ပါသည်။ ရေနံထုတ်လုပ်သူများအနေဖြင့် ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်းကြောင့် ရေနံဝယ်လိုအား ကျဆင်းလာနိုင်မည်ကို စိုးရိမ်လျက်ရှိသည့်အတွက် ရေနံဈေးနှုန်းမကျဆင်းစေရန် ထိန်းညှိသည့်အနေဖြင့် ထုတ်လုပ်မှုများလျှော့ချခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

OPEC+ က ထိုသို့ထုတ်ပြန်ပြီးနောက် ဧပြီလ ၃ ရက်နေ့တွင် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၈၆ ဒေါ်လာအထိ မြင့်တက်ခဲ့ပါသည်။

**Source : The Guardian , The Japan Times**

**(စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)–07042023–10:06

## သင်္ကြန်ရုံးပိတ်ရက်များအတွင်း ပို့ကုန်/သွင်းကုန်လိုင်စင်နှင့် အရေးကြီးကုန်စည် တင်သွင်း/တင်ပို့ခြင်း လုပ်ငန်းများကို ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည်

သင်္ကြန်ရုံးပိတ်ရက်များအတွင်း ပို့ကုန်/သွင်းကုန်လိုင်စင် ထုတ်ပေးခြင်းအပြင် အရေးကြီးကုန်စည်များ တင်သွင်း/တင်ပို့ခြင်းလုပ်ငန်းများကို ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၃ ခုနှစ် ဧပြီလတွင် ကျရောက်မည့် သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ကုန်သွယ်ရေးဦးစီးဌာနရုံးချုပ်မှ လိုင်စင်ထုတ်ပေးခြင်း၊ QR Code ခွင့်ပြုပေးခြင်းစသည့် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ပြုလုပ်နိုင်ရန်အတွက် တာဝန်ချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ပို့ကုန်/သွင်းကုန်လိုင်စင် ထုတ်ပေးမှုကို ကုန်သွယ်ရေးဇုန်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်/သွင်းကုန် ရုံးများအနေဖြင့်လည်း ပိတ်ရက်မရှိ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရေကြောင်း၊ လေကြောင်းမှတစ်ဆင့် တင်သွင်း/တင်ပို့မည့် ကုန်ပစ္စည်းများအား သင်္ကြန်ရုံးပိတ်ရက်များ ဖြစ်သည့် ဧပြီ ၈ ရက်၊ ၁၀ ရက်၊ ၁၂ ရက်၊ ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် အချိန်ပို ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် အရေးပေါ် ကိုဗစ်ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ နိုင်ငံတော်လိုအပ်ချက်အရ အရေးကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေး ကြိုတင်လျှောက်ထားရန် အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် တင်သွင်း/ တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်း ဆောင်ရွက်မှုအား ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီထက်နောက်မကျဘဲ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၊ Help Desk Section သည် MACCS စနစ်နှင့်ပတ်သက်၍ သုံးစွဲသူ (User) များ၏ သိရှိလိုသည်များကို မေးမြန်းရန် အခက်အခဲမရှိစေရေးအတွက် ဖုန်း ၀၉ – ၇၅၇၇၅၅၂၁၁ သို့ အချိန်မရွေး မေးမြန်းနိုင်ပြီး ပုံမှန်ရုံးဖွင့်ရက်များတွင် ယခင်ဆက်သွယ်မေးမြန်းလျက်ရှိသည့် ရုံးဖုန်း ၀၁- ၃၇၉၄၂၉ သို့ ပြန်လည်ဆက်သွယ်မေးမြန်း နိုင်ကြောင်း ထုတ်ပြန်ထားသည်။

**Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)**

## ပို့ကုန်ဝင်ငွေ ဒေါ်လာ ၁ ဘီလီယံရရှိရေး ဆန်စပါးအသင်းချုပ်ရည်မှန်း



သတင်း - BETV Business

ဧပြီ ၁ ရက်နေ့မှာ စတင်တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ဆန်/ဆန်ကွဲ တင်ပို့ခြင်းကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိဖို့ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (MRF) က ရည်မှန်းထားပါတယ်။

ဆန်/ဆန်ကွဲ တန်ချိန် (၂.၅) သန်း တင်ပို့ရောင်းချနိုင်ဖို့ ရည်ရွယ်ထားကြောင်း MRF ရဲ့ ဆန်ပြည်ပတင်ပို့မှုနဲ့ ပို့ကုန်ဝင်ငွေ ရရှိမှု အခြေအနေ သတင်းထုတ်ပြန်ချက်အတွင်း ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံက ထွက်ရှိတဲ့ ဆန်/ဆန်ကွဲကို တရုတ်က တန်ချိန် (၇) သိန်းခွဲကျော်အထိ အများဆုံးဝယ်ယူထားပြီး ဥရောပနိုင်ငံတွေဖြစ်တဲ့ ဘယ်လ်ဂျီယံ၊ ပိုလန်နဲ့စပိန်တို့က တန်ချိန် (၅.၅) သိန်းကျော်၊ ဘင်္ဂလားဒေ့ရှ်က တန်ချိန် (၂.၄) သိန်းနီးပါးနဲ့ ဖိလစ်ပိုင်က တန်ချိန် (၂) သိန်းအထိ ထိပ်သီးတင်သွင်းသူတွေအဖြစ် ရပ်တည်ခဲ့ပါတယ်။

ဆန်တင်ပို့မှုကဏ္ဍကို နှစ်စဉ် (၁၀) ရာခိုင်နှုန်း တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေပြီး ပို့ကုန်ဝင်ငွေ တိုးတက်ရရှိရေး အတွက် တန်းမြင့်ဆန်တင်ပို့နိုင်ရေးကို အားထည့်လုပ်ဆောင်နေတယ်လို့ MRF က ပြောပါတယ်။ ပြည်ပနိုင်ငံတွေထံ ရောင်းချနေတဲ့ မြန်မာ့ဆန် တင်ပို့မှုပုံစံကို ပြောင်းလဲဖို့ ရည်ရွယ်ထားပြီး အရည်အသွေးမြင့်မားတဲ့ စပါးမျိုးတွေကို အာရုံစိုက်ကာ (၃) နှစ်အတွင်း ဆန်တင်ပို့မှုကို နှစ်ဆတိုးမြှင့်နိုင်ဖို့ ရည်မှန်းထားတယ်လို့ ဆိုပါတယ်။

တရုတ်၊ ဥရောပနဲ့ဖိလစ်ပိုင်ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံအချို့ရဲ့ တိုးတက်လာတဲ့ ဝယ်လိုအားတွေကြောင့် တင်ပို့မှု တိုးမြင့်ဖို့ ဆောင်ရွက်ရခြင်းဖြစ်ပြီး ၂၀၂၅ တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံအထိ နှစ်ဆနီးပါးရှိလာမယ်လို့ မျှော်လင့်ထားပုံရပါတယ်။

**Source: BETV Business**

## ရာသီဥတုပြောင်းလဲမှုကြောင့် လာမည့်သရက်သီးရာသီတွင် အသီးတင်မှုလျော့ကျနိုင်

သရက်ပန်းပွင့်ချိန်တွင် ရာသီဥတုပူပြင်းခဲ့တာကြောင့် သရက်ပွင့်များခြောက်ကာ အသီးတင်မှုလည်း လျော့ကျနိုင်ကြောင်း သရက်စိုက် တောင်သူများထံက သိရသည်။

ဖေဖော်ဝါရီ၊ မတ်လများတွင် ညအပူချိန် မြင့်မားခဲ့ပြီး သရက်ပန်းပွင့်များ ကြွေကျမှုများခဲ့ကြောင်း သီတင်းကျွတ်နောက်ပိုင်း မိုးရွာသွန်းမှု မရှိခြင်းကြောင့်လည်း သရက်ပန်းပွင့်မှုအားနည်းခဲ့ကြောင်း၊ ရေသွင်း၊ အစာကျွေးပြုစုစောင့်ရှောက်သည့် သရက်ခြံအချို့သာ အသီးကောင်းကောင်းရနိုင်မည်ဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် သရက်တောင်သူတစ်ဦးက ပြောသည်။

“သီတင်းကျွတ်နောက်ပိုင်း မိုးလုံးဝ ရွာသွန်းခြင်းမရှိဘူး။ သရက်ပန်းပွင့်ချိန် ရာသီဥတုပူ ပြင်းတာကြောင့်လည်း သရက်ပန်းပွင့်များ အကြွေ၊ အခြောက်များခဲ့တယ်။ ဂရုတစိုက်နဲ့ ရေသွင်း၊ မြေသြဇာထည့် ပိုးသတ်ဆေးဖျန်းပြုလုပ်တဲ့ သရက်ခြံအချို့ပဲ အသီးကောင်းကောင်းရနိုင်တယ်။ ခြံတော်တော်များများ ပြုစုနိုင်ခြင်းမရှိလို့ မနှစ်ကထက် အသီးထွက်နှုန်း လျော့ကျနိုင်ပါတယ် ”ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်တို့တွင် စိုက်ပျိုးမှုများသည့် သရက်သီးကို ဧပြီလကုန်ပိုင်းမှ စတင်ကာ မေ၊ ဇွန်လအထိ သရက်သီးလှိုင်လှိုင်ပေါ်သည့် ကာလဖြစ်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## သင်္ကြန်ကာလနောက်ပိုင်းမှသာလျှင် ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ် ပြန်သွက်လာမည်

သင်္ကြန်ကာလနီးလာတာကြောင့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးနေပြီး သင်္ကြန်ပိတ်ရက်များ နောက်ပိုင်းမှသာလျှင် ပဲ၊နှမ်းဈေးကွက် အရောင်းအဝယ်ပြန်သွက်လာမည်ဖြစ်ကြောင်း ပဲကုန်သည်များထံက သိရသည်။

လက်ရှိအချိန်တွင် အရေအတွက်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်နေပြီး အိတ်ရေ ရာ၊ ထောင်ချီသော အရောင်း အဝယ်မျိုးမရှိသေးဘဲ အရောင်းအဝယ်အေးနေခြင်းဖြစ်သည်။ သယ်ယူပို့ဆောင်မှုစရိတ်နှင့် ငွေပေးချေမှု မြန်ဆန်မှုအပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်နေခြင်းဖြစ်သည်။

“သင်္ကြန်နားနီးတော့ အရောင်းအဝယ်က တစ်ဦးတစ်လေပဲ အဝယ်ရှိတော့တယ်။ ပမာဏအားဖြင့်လည်း အနည်းငယ် လောက်နဲ့ ငွေပေးမြန်မြန်ရှိတဲ့သူတွေပဲ အရောင်းအဝယ်ဖြစ်နေတာပါ။ သင်္ကြန်ကာလနောက်ပိုင်းမှသာ အိတ်ရေ ပမာဏ များများနဲ့ အရောင်းအဝယ် ပြန်သွက်လာမှာပါ” ဟု တက်နေလင်းပွဲရုံမှ ဦးဇင်မင်းဦးက ပြောသည်။

ဧပြီလဆန်းပိုင်းရက်များတွင် ပို့ကုန်ပဲ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၂၂၆၀၀၀၊မတ်ပဲတစ်အိတ် ငွေကျပ် ၂၀၁၀၀၀၊ ပဲတီစိမ်းရွှေဝါတစ်အိတ် ငွေကျပ် ၂၂၂၀၀၀ ပေါက်ဈေးရှိနေပြီး ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ တစ်အိတ် ငွေကျပ် ၂၀၆၀၀၀၊ မြေထောက်ပဲတစ်အိတ် ငွေကျပ် ၂၈၅၀၀၀၊ စွန်တာပြာတစ်အိတ် ငွေကျပ် ၁၄၅၀၀၀၊ကျွန်းစားတော်ပဲတစ်အိတ် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**မကွေးဂျာနယ်**

## ထိုင်းနိုင်ငံ၊ အယုဒ္ဓယရှိ ကွန်ဒိုဈေးကွက် ပြန်တက်လာသည့် အလားအလာမြင်နေရ

စက်မှုကဏ္ဍကြီးထွားလာမှုနှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာခြင်းကြောင့် ထိုင်းနိုင်ငံ၊ အယုဒ္ဓယရှိ အိမ်ခြံမြေ ဈေးကွက်သည် ယမန်နှစ် ဒုတိယနှစ်ဝက်အတွင်း ထိုင်းဘတ်ငွေ ၁ သန်းမှ ၁.၅ သန်း တန်ဖိုးရှိ ကွန်ဒိုများ၏ဈေးကွက် ပြန်လည်ကောင်းမွန်လာစေခဲ့ပါသည်။ Ayutthaya City Park Shopping Complex ၏ ဈေးကွက်ရှာဖွေရေးအရာရှိ Somphon Rattchathapimolchai က စက်မှုနှင့်ခရီးသွားကဏ္ဍများသည် ပြည်နယ်၏စီးပွားရေးအတွက် အဓိကမောင်းနှင်အား ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အယုဒ္ဓယတွင် စက်မှုကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ စက်မှုဇုန်များ အနီးရှိနေရာများတွင် လုံးချင်းအိမ်များနှင့် နှစ်ထပ်အိမ်များပါရှိသည့် အိမ်ရာဝယ်လိုအား တိုးမြင့်လာပါကြောင်း၊ စက်မှုဇုန်များ အနီးရှိနေရာများတွင် ကွန်ဒိုစီမံကိန်းများ အတွက် ရယူထားမှုနှုန်းသည် ၈၀-၉၀ ရာခိုင်နှုန်းကြားရှိပြီး ကွန်ဒိုများနှင့် တိုက်ခန်းများ၏ ငှားရမ်းခနှုန်းမှာ လစဉ် ဘတ်ငွေ

၈,၀၀၀ မှ ၁၃,၀၀၀ အတွင်းရှိပါကြောင်း Mr Somphon မှ ပြောကြားခဲ့ပါသည်။ အယုဒ္ဓယသည် ၂၀၂၀ ခုနှစ်တွင် ဘတ်ငွေ ၄၃၆ ဘီလီယံဖြင့် ပြည်နယ်စုစုပေါင်းထုတ်ကုန်တွင် စတုတ္ထအဆင့်ရှိပါကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

UNESCO World Heritage City တွင် စက်ရုံပေါင်း ၆,၅၀၀ ကျော်နှင့် လုပ်သား ၄၉၇,၉၈၄ ကျော်ဖြင့် လည်ပတ်နေသော စက်မှုဇုန် ၅ ခုရှိပြီး တိုးပွားလာသော လူဦးရေနှင့် အသုံးစရိတ်များကို အထောက်အကူဖြစ်စေ ပါကြောင်း၊ ယင်းအချက်များသည် အထပ်နိမ့်အိမ်များ၊ ကွန်ဒိုများ၊ ဈေးဆိုင်ခန်းများ၊ ဈေးဝယ်စင်တာများနှင့် ဟိုတယ်များကဲ့သို့သော ကဏ္ဍ အသီးသီးတွင် ပိုင်ဆိုင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိပါကြောင်း၊ ကပ်ရောဂါပြီးနောက် နိုင်ငံခြားသား ခရီးသွားများ ပြန်လည်ဝင်ရောက်လာကြပြီး ဒေသတွင်းနေထိုင်သူများ၏ ဝင်ငွေကိုတိုးမြင့်လာစေပါကြောင်း အယုဒ္ဓယ ခရီးသွားလုပ်ငန်း ကောင်စီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr Somphon က ဆိုပါသည်။

အယုဒ္ဓယတွင် ၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်၌ အိမ်ရာရောင်းချမှုအသစ် ၂၇၉ လုံး တိုးလာခဲ့ပြီး ယခင်နှစ်အောက် ၇၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အိမ်ခြံမြေသတင်းအချက်အလက်ဌာန (REIC) က ထုတ်ပြန်ထားပါသည်။ REIC ၏ ခေတ္တ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Vichai Viratkapan က ရောင်းချမည့် အိမ်ရာအသစ်အများစုမှာ ကွန်ဒိုများဖြစ်ပြီး ၂၃၇ လုံးကို ဘန်ကောက် အခြေစိုက် developer များမှ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖျင်းအားဖြင့် ၂၀၀ ယူနစ် (၈၆ ရာခိုင်နှုန်း) မှာ ဘတ် ၁ သန်းမှ ၁.၅ သန်း အတွင်းဖြစ်ပါကြောင်း၊ ကျန်သော ယူနစ်များမှာ ဘတ် ၁.၅၁ သန်းမှ ဘတ် ၂ သန်းထိ တန်ဖိုး ရှိပါကြောင်း ပြောကြားခဲ့သည်။

ယခုကာလအတွင်း ကွန်ဒိုအသစ်ရောင်းချမှုအားလုံးသည် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ ရေးဆွဲထားသည့် Bang Pa-in စက်မှုဇုန်အနီးတွင် တည်ရှိပါကြောင်း၊ ဤအိမ်ရာသည် ကပ်ရောဂါကာလအတွင်း တိုးတက်လာသော စက်မှုကဏ္ဍကို အထောက်အပံ့ပေးပါကြောင်း Mr. Vichai က ဆက်လက်ပြောကြားပါသည်။

၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် ဘတ် ၅၅ သန်းတန်ဖိုးရှိသော ကွန်ဒိုအခန်း ၂၄ လုံးမှ ဒုတိယနှစ်ဝက်တွင် ဘတ် ၂၆၂ သန်းတန်ဖိုးရှိသော ကွန်ဒို ၁၈၃ လုံးအထိ မြင့်တက်လာခဲ့ပြီး အိမ်ရာများ၏ ၈၄ % သည် Bang Pa-in စက်မှုဇုန်အနီးနှင့် ၁၆% သည် Rojana စက်မှု ဥယျာဉ်အနီးတွင် တည်ရှိပါသည်။

ကွန်ဒိုများအတွက် ရယူထားမှုနှုန်းသည် တစ်လလျှင် ၅.၇ ရာခိုင်နှုန်းဖြစ်ပြီး အိမ်ရာအမျိုးအစားအားလုံးတွင် အမြင့်ဆုံးဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် ၁.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဒုတိယနှစ်ဝက်တွင် ၆.၆ရာခိုင်နှုန်းမှ အနည်းငယ် ကျဆင်းသွားပါကြောင်း REIC မှ ထုတ်ပြန်ထားပါသည်။

၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်တွင် အထပ်နိမ့်အိမ်ရာသစ် ၄၂ လုံးကို စတင်ရောင်းချခဲ့ပြီး ပထမနှစ်ဝက်တွင် ၁,၅၂၆ ယူနစ်ဖြင့် လေးနှစ်ကျော်အတွင်း အကြီးမားဆုံးပမာဏကို မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ လူကြိုက်များသော အထပ်နိမ့်အိမ်ရာများသည် ဘတ်ငွေ ၂ သန်းမှ ၅ သန်း ကြား ပေါက်ဈေးရှိပြီး Rojana စက်မှုဥယျာဉ်အနီးနှင့် ဘတ် ၃ သန်းအောက် နည်းသော ပေါက်ဈေး ရှိသည့် အိမ်ရာများသည် Bang Pa-in စက်မှုဇုန် အနီးတို့တွင် ဖြစ်ပါကြောင်း REIC မှ ထုတ်ပြန်ထားချက်အရ သိရှိရပါသည်။

ကွန်ဒိုနှင့် လုံးချင်းအိမ်များ ရောင်းအားကောင်းသော်လည်း မရောင်းရသေးသော အလုံးရေ အများအပြားရှိနေပြီး အထူးသဖြင့် ပြီးစီးပြီဖြစ်၍ လွှဲပြောင်းပေးရန် အဆင်သင့်ဖြစ်နေသော အိမ်ရာအရေအတွက် အများအပြားရှိနေသောကြောင့် စိတ်ပူပန်မိကြောင်း၊ တည်ဆောက်နေဆဲ အိမ်ရာယူနစ်များ မပါဝင်သေးပါကြောင်း Mr. Vichai က ပြောကြားခဲ့ပါသည်။
ယခင်နှစ်တွင် ဘတ် ၂၁.၂ ဘီလီယံတန်ဖိုးရှိ အထပ်နိမ့်အိမ် ၆၃၈၃ လုံးနှင့် ဘတ် ၇၅၁ သန်းတန်ဖိုးရှိ ကွန်ဒိုအခန်း ၃၅၂ လုံး အရောင်းမထွက်ခဲ့ပေ။ အဆိုပါ အထပ်နိမ့်အိမ် ၆၅၈ လုံးနှင့် ကွန်ဒိုအခန်း ၁၄၃ လုံးကို လွှဲပြောင်းပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။
(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: www.Bangkok.com

# STOCK EXCHANGE (7.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 7th Apr. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,849 (Shares) | 9,496,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 7,900 | 8,000 | 7,800 | 263 | 2,092,700 | 33,109,694 | 264,878 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 478 | 1,434,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,450 | 1,500 | 1,450 | 4,101 | 5,951,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 7 | 18,200 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.58 | +0.28 | +0.08% | 361.43 | 364.15 | 359.55 | 4,849 | 9,496,400 | 7 | 640,657 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 4,849 (Shares) | 9,496,400 (MMK) |

## Main Board

As of 1:00 pm, 7th Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,849 (Shares) | 9,496,400 (MMK) |

| MYANPIX | 363.58 ▲ 0.28 |
|---|---|
| Total Volume (shares) | 4,849 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 640,657 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |